**Sagaing People's Defence Force**

# ထုတ်ပြန်ကြေညာချက်

ကြေညာချက်အမှတ် ၇/၂၀၂၁

ရက်စွဲ၊ ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ(၆)ရက်။

စစ်ကိုင်းတိုင်းအတွင်း စစ်ရေးလှုပ်ရှားမှုများ မြင့်တက်လျက်ရှိသောကြောင့် စစ်ကိုင်းတိုင်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်အလို့ငှာ အောက်ပါအတိုင်းကြေညာလိုက်သည်။

၁။ စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်ချင်းဆက်လမ်းများ၊ မြို့ချင်းဆက်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများပေါ်တွင် ပြည်သူလူထုဘက်မှကားများ၊ စက်တပ်ယာဉ်များ၊ (ထော်လာဂျီများ၊ ထွန်စက်များအပါဝင်) ည(၇)နာရီမှ မနက်(၅)နာရီအထိ လုံးဝဖြတ်သန်းသွားလာခြင်း မပြုကြပါရန်၊ မိမိတို့နားခိုမည့်နေရာ သို့မဟုတ် မိသားစုအိမ်သို့ ည(၇)နာရီမတိုင်မီအရောက်မောင်းနှင်ကြရန် အထူးသတိပေးလိုက်သည်။

၂။ ပြည်သူ့အယောင်ဆောင်ထားသည့် စစ်ခွေးကားများအား တိုက်ခိုက်သွားမည်။

၃။ အကြမ်းဖက်စစ်ကောင်စီ၏ စစ်ခွေးကားများနှင့် အနီးကပ်လိုက်ပါခြင်း မပြုကြပါရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။

၄။ တရားမဝင် အကြမ်းဖက်စစ်ကောင်စီဘက်မှ ပြည်သူ့အယောင်ဆောင်ကာ ကားများနှင့် ညဘက်တွင် လှည့်လည်လှုပ်ရှားနေသည်ဟု ကြားသိရသည်။ ၎င်းစစ်ကောင်စီအကြမ်းဖက်ကားများနှင့် ကွဲပြားခြားနားစေရန် ပြည်သူလူထုအနေဖြင့် မိမိတို့၏ အိမ်စီးကားများအား မှန်တင်မောင်းခြင်း၊ မီးကာတာလပတ်များ အုပ်၍မောင်းခြင်းများကို ရှောင်ရှားကြရန် အထူးသတိပေးလိုက်သည်။

၅။ စခများ၏ လှုပ်ရှားဆောင်ရွက်မှုသတင်းများကိုလည်း နီးစပ်ရာ**PDF**များထံ အချိန်နှင့်တပြေးညီ သတင်းပို့ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်သည်။

စစ်ကိုင်းတိုင်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ **(SPDF)**